# ရာဘာဖိနပ်လေး တစ်ရံ

လွင်ဦးဟန်



"မဆွေ၊ ငါ့ဆီ ခဏလာဦး။ ကလေးတွေပါ ခေါ်လာခဲ့။ ငါ စကားပြော စရာရှိတယ်"

အိမ်ရှေ့ကနေ လှမ်းအော်လိုက်တဲ့ ဖေဖေ့ အသံကြောင့် မင်္ဂလာဆောင်ကိစ္စ တိုင်ပင်နေတဲ့ ကျွန်တော်တို့ သားအမိ လေးယောက် တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်လိုက်မိ ကြတယ်။ ဖေဖေက သားသမီးတွေနဲ့ ထွေးရောယှက်တင် လက်ပွန်းတတီး မနေတတ်သလို ဆိုဆုံးမစရာ အကြောင်းကိစ္စ တစ်စုံတစ်ရာရှိမှ ပဲ စကား ပြောတတ်ပါတယ်။ တော်ရုံ ပြောစရာ ဆိုစရာရှိရင် မေမေကနေ တစ်ဆင့် ပြောဆိုခိုင်း တတ်ပါတယ်။ ဒါကြောင့်လည်း ဖေဖေ ခေါ်ပြီ ဆိုကတည်းက အကြောင်းကိစ္စ တစ်ခုရှိပြီ ဆိုတာ ကျွန်တော်တို့ အားလုံး သဘောပေါက် ကြပါတယ်။ အကြောင်းကိစ္စ ကလည်း ကျွန်တော့်မင်္ဂလာဆောင် ကိစ္စကလွဲပြီး အခြားကိစ္စ မဖြစ်နိုင်ဘူး ဆိုတာ ကျွန်တော်တို့ သိနေနှင့်ပါပြီ။

ကျွန်တော်တို့ သားအမိလေးယောက် အိမ်ရှေ့ကို ထွက်လာတဲ့ အချိန်မှာ ဖေဖေက ကုလားထိုင်မှာ ထိုင်ပြီး လမ်းမပေါ်ကို ငေးကြည့် နေပါတယ်။

"အဖေကြီး"

မေမေ အသံ ပြုလိုက်တဲ့ အခါ ဖေဖေ လှည့်ကြည့်ပါတယ်။ စကားမပြောသေးဘဲ လက်ပိုက်ပြီး ရပ်နေကြတဲ့ ကျွန်တော်တို့ မောင်နှမ သုံးယောက်ရဲ့ မျက်နှာကို တစ်ယောက်ချင်းစီ အသေအချာ ကြည့်ပြီး ထိုင်ခိုင်းပါတယ်။

"ထိုင်ကြ"

"ဟုတ်ကဲ့ ဖေဖေ"

ဖေဖေ ထိုင်ခိုင်းတဲ့ အခါမှ ဖေဖေ့အရှေ့က ကြမ်းပြင်ပေါ်မှာ ရိုရိုသေသေ ထိုင်ရင်း ဖေဖေပြောလာမဲ့ စကားကို ငြိမ်သက်ပြီး စောင့်စားနေကြရတဲ့ အချိန်ဟာ ကျွန်တော်တို့ မောင်နှမ သုံးယောက်အတွက် အသက်ရှူမှားတဲ့ အချိန်ပါပဲ။ ဖေဖေ့ကို ကျွန်တော်တို့ မောင်နှမတွေသာ ကြောက်ရွံ့ ရိုသေကြရတာ မဟုတ်ပါဘူး။ မေမေ ကိုယ်တိုင်လည်း ကြောက်ရွံ့ ရိုသေရပါတယ်။ ဖေဖေက ဆိုခဲစေမြဲစေ ဆိုတဲ့ လူစားမျိုးပါ။ စကားလည်း အလွန် နည်းပါတယ်။ စကားနည်းပြီး အနေအေးတဲ့ ဖေဖေက ကားပွဲစား အလုပ်ကို လုပ်ကိုင်နေတယ် ဆိုရင် ယုံကြမှာ မဟုတ်ပါ။ ဖေဖေ စကားနည်းပေမဲ့ သားသမီးတွေကို ပြောဆိုဆုံးမတဲ့ အခါမှာတော့ နားလည်အောင် စီကာပတ်ကုံး ပြောဆိုတတ်ပါတယ်။ ဖေဖေက သားသမီးတွေကို ရိုက်နှက်ပြီး ဆုံးမတာမျိုး၊ အော်ငေါက်ဆဲဆို တတ်တာမျိုး မရှိပေမဲ့ ဖေဖေ့ကိုတော့ သေမလောက် ကြောက်ရပါတယ်။ ကြောက်ရွံ့တယ် ဆိုတာထက် ရိုသေတယ် ဆိုရင် ပိုပြီး မှန်ပါလိမ့်မယ်။ သားသမီးတွေရဲ့ လုံးလုံးထွေးထွေး မရှိပေမဲ့ မိသားစု အပျော်ခရီး ထွက်တဲ့ အခါ၊ အလည်အပတ် ထွက်တဲ့ အခါမျိုးမှာ တော့ သားသမီးတွေ စိတ်မကျဉ်းကျပ် ရအောင် အလိုက်အထိုက် ပြောဆို နေထိုင်တတ်ပါတယ်
။

"ဖေဖေ အခုပြောမဲ့ စကားက သားကြီးနဲ့ ပဲ သက်ဆိုင်တယ် ဆိုပေမဲ့ ကျန်တဲ့ သားနဲ့ သမီးလည်း နားထောင်ကြပါ။ မင်းတို့ နှစ်ယောက်လည်း တစ်ချိန်မှာ အိမ်ထောင်ပြုကြမဲ့ သူတွေပဲ"

"ဟုတ်ကဲ့ ဖေဖေ။ သားတို့ နားထောင်နေပါတယ်"

"သားကြီး"

"ဟုတ်ကဲ့ ဖေဖေ"

" ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်နိုင်လို့ အိမ်ထောင်ပြုတယ်လို့ ဖေဖေ နားလည်တယ်။ ဒီတော့ ကိုယ့်အား ကိုယ်ကိုးပြီး ကိုယ့်မိသားစု ဘဝကို အကောင်းဆုံး ဖြစ်အောင် ကြိုးစားပါ။ ဘယ်မိဘကိုမှ အားမကိုးပါနဲ့။ ဘဝဆိုတာ စကားလုံးနှစ်ခုတည်း ရှိပေမဲ့ လေးနက်တယ်။ ရှုပ်ထွေးတယ်။ မိဘတွေရဲ့ ဦးဆောင်မှု အောက်ကနေ ခွဲထွက်ပြီး ကိုယ့်ဘဝကိုယ် ရပ်တည်ရတဲ့ အခါ ဘဝအကြောင်းကို ပိုပြီးနားလည် လာလိမ့်မယ်။ မင်းလည်း အသက် မငယ်တော့ပါဘူး။ အိမ်ထောင်ပြုတာကို ဖေဖေ ဘာမှ မပြောလိုပေမဲ့ အိမ်ထောင်ပြုမယ်လို့ ရည်ရွယ်ချက် ရှိခဲ့ရင် အဲဒီ အတွက် ကြိုတင် ပြင်ဆင်ထားရမယ်။ ဖေဖေ မြင်တာတော့ မင်း ဘာမှ ပြင်ဆင်ထားတာ မရှိဘူး။ ဖေဖေဘာကြောင့် အခုလို ပြောနေရသလဲ ဆိုတော့ ဖေဖေတို့ အိမ်ထောင်ကျတဲ့ အချိန်မှာ ကြိုတင် ပြင်ဆင်ခဲ့တာတွေ မရှိလို့ ဒုက္ခအတော် ရောက်ခဲ့ရတယ်။ မိဘတွေကို အားကိုးပြီး ကိုယ့် ဆန္ဒကို ရှေ့တန်း တင်ခဲ့ကြတယ်။ ကိုယ့်အားကိုယ် မကိုးဘဲ ကျောထောက် နောက်ခံကို အားကိုးခဲ့ကြတယ်။ ကျောထောက် နောက်ခံဆိုတဲ့ စကားကိုပဲ စဉ်းစားကြည့်ကြ။ ကျောကို ထောက်ပြီး နောက်ကနေ ပံ့ပိုး ပေးထားတယ်လို့ ဆိုလိုတယ်။ ကိုယ့်ရဲ့ အစွမ်းအစ၊ ကိုယ့်ခြေထောက်ပေါ် ကိုယ်မရပ်တည်နိုင်ဘဲ အမှီပြုထားတယ် ဆိုတာ ကောင်းတဲ့ အလုပ် မဟုတ်ဘူး ။ အမှီပြုထားတဲ့ အရာဟာ တောင့်တင်း နေရင်တော့ ပြဿနာ မရှိဘူးကွ။ အားပြုပြီး မှီခိုထားတဲ့ အရာ ပြိုလဲ သွားရင်တော့ အမှီပြုထားတဲ့ သူလည်း ပြိုလဲ သွားလိမ့်မယ်။ နားလည်ကြလား "

"ဟုတ်ကဲ့၊ နားလည်ပါတယ် ဖေဖေ"

"ကောင်းပြီ။ မင်း အခု မင်္ဂလာဆောင်ဖို့ အတွက် ကုန်ကျစရိတ် တွက်ပြီးပြီလား"

"တွက်ပြီးပါပြီ ဖေဖေ။ အကျဉ်းချုံးပြီး လုပ်တာတောင် ခြောက်သိန်းလောက်တော့ ကုန်မယ်"

"အဝတ်အစားဖိုး အပါအဝင်လား"

"ဟုတ်တယ် ဖေဖေ"

"ဟုတ်ပြီလေ။ အဲဒီ ကုန်ကျ စရိတ်တွေအတွက် ဖေဖေတို့ ပေးမယ်။ ကျန်တာတော့ တာဝန်မယူဘူး။ သားရှင်ဘက်က လုပ်ပေးရမဲ့ တာဝန် ဝတ္တရားအတိုင်း အကုန် လုပ်ပေးမယ်"

ဖေဖေဆိုလိုတာ ကျွန်တော် သဘောပေါက်ပါတယ်။ ကျွန်တော်တို့ လင်မယားအတွက် ခန်းဝင် ပစ္စည်းကအစ ညှော်ခံစရိတ်အဆုံး အလုံးစုံ အကုန်အကျ ခံပေးပေမဲ့ လိုအပ်တဲ့ အိုးခွက် ပန်းကန်၊ အိမ်ငှားဖို့ အတွက်တော့ တာဝန်မယူဘူးဆိုတဲ့ သဘောပါ။

"ကျွန်မ တစ်ခုလောက် ပြောချင်တယ်။ ပြောလို့ ရမလား အဖေကြီး"

"ပြော"

"သားကြီးတို့ အိမ်ငှားရင် ပိုက်ဆံကုန်ကြမယ်။ သူတို့ လည်း လောလောဆယ် အဆင်ပြေကြဦးမှာ မဟုတ်ဘူး ။ ကျွန်မတို့ နဲ့ အတူ ခဏလောက် နေခိုင်းရင် ကောင်းမလားလို့ "

"မဆွေ၊ ငါတို့ အိမ်ထောင်ကျတုန်းက ဟိုဘက် မိဘအိမ်မှာ နေလိုက် သည် ဘက်မိဘအိမ်မှာ နေလိုက်နဲ့ ခွေးနေရာမရ ဖြစ်ခဲ့တာကို ပြန်စဉ်းစား။ မိဘကတော့ သားသမီးတွေကို ရင်အုပ်မကွာ ထားချင် ကြတာချည်းပဲ။ ညီအစ်ကို မောင်နှမ ဆိုတာလည်း သူစိမ်းဖက်လာရင် ဘယ်လို

နေတယ် ဆိုတာ မင်းရောင်ါရော အသိပဲ။ အိမ်ထောင်ကျရင် ခွဲနေကြတာ အကောင်းဆုံးပဲ"

"ဒါလည်း ဟုတ်ပါတယ်။ ကလေးတွေ အဆင်မပြေကြမှာ စိုးလို့ ပါ"

"မဆွေ၊ မင့်သားက သူ့ခြေထောက်ပေါ် သူရပ်နိုင်လို့ မိန်းမတောင် ယူပြီပဲ။ ကလေး တစ်ယောက်လို ရပ်နိုင်ပေ လုပ်ချင် သေးလို့ လားကွ။ ဒါ ကြောင့် သားသမီးတွေ အကုန်လုံးကို ခေါ်ပြောရတာ။ ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်နိုင်ပြီထင်လို့ အိမ်ထောင်ပြုကြတယ် ဆိုရင် အစစအရာရာ မိဘကိုပဲ အားကိုး မနေကြနဲ့ ။ ခြေမခိုင်သေးတဲ့ အရွယ်အထိ မိဘက တွဲခေါ် သွားပေးမယ်။ ခြေခိုင်ပြီ ဆိုရင်တော့ ကိုယ့်လမ်း ကိုယ်လျှောက်ပါ။ ကိုယ့်ကိုယ်ကိုယ် အားကိုးချင်စိတ် မွေးကြပါ။ ကိုယ့်အိမ်ထောင်ကို ကိုယ်တိုင် ထူထောင်နိုင်ဖို့ ကြိုးစားကြပါ။ မင်းတို့ ဘာပြောစရာ ရှိသေးလဲ "

"မရှိပါဘူး ဖေဖေ"

" မရှိရင် သွားနိုင်ပြီ။ မဆွေ ခဏနေခဲ့"

"ဟုတ်ကဲ့ ဖေဖေ"

"ဟုတ်ကဲ့ အဖေကြီး"

ကျွန်တော်တို့ မောင်နှမသုံးယောက် ဖေဖေ့ အနားကနေ ထွက်လာချိန် မှာ တော့ မေမေနဲ့ ဖေဖေတို့ နှစ်ယောက် စကားပြောပြီး ကျန်ခဲ့ကြပါတယ်။

***

"အခါတော် ... ပေး ... တာက၊ နတ်ရေး ... ငယ် ... ရွှေစာ ..."

အကျဉ်းချုံးပြီး မင်္ဂလာဆောင်ရတာ ဆိုတော့ ကျွန်တော့် ဇနီးလောင်းရဲ့ အိမ်ရှေ့မှာ ပဲ မဏ္ဍပ်ထိုးပြီး မင်္ဂလာဆောင်ပါတယ်။ လက်ဖွဲ့လက်ခံတဲ့ စားပွဲမှာ တော့ ဇနီးလောင်းရဲ့ ညီမတွေနဲ့ ဆွေမျိုးတော်စပ်ကြ သူတွေ ချည်းပါပဲ။ ကျွန်တော့်ညီမကို မင်္ဂလာလက်ဖွဲ့ လက်ခံတဲ့ စားပွဲမှာ မထိုင်ဖို့ ဖေဖေက အသေအချာ မှာ ထားပါတယ်။ ဘယ်လိုအကြောင်းကြောင့် ဆိုတာတော့ ကျွန်တော် ရေရေရာရာ မသိပါ။

မင်္ဂလာပွဲ အောင်အောင်မြင်မြင်နဲ့ ပြီးသွားတဲ့ အချိန်မှာ ကျွန်တော့်မိဘတွေနဲ့ ညီအစ်ကို မောင်နှမတွေ ပြန်သွားကြပါတယ်။ လက်ဖွဲ့တွေ သိမ်းတာကတော့ ကျွန်တော့်ဇနီးရဲ့ မိဘတွေနဲ့ ညီမတွေပါ။ မင်္ဂလာလက်ဖွဲ့ တွေကို ဖြည်ကြတော့ ကျွန်တော်နဲ့ ကျွန်တော့်ဇနီးလည်း ပါဝင်ခဲ့ပါတယ်။

သားကြီး မောင်သူရထွန်းနှင့် သမီး မစန်းစန်းရီ တို့ အတွက်

မင်္ဂလာ လက်ဆောင်မွန်

ဖေဖေ ဦးသက်ထွန်း + မေမေ ဒေါ်ဆွေဆွေနွယ်

ဖေဖေနဲ့ မေမေတို့ လက်ဖွဲ့တဲ့ မင်္ဂလာလက်ဖွဲ့လေးကို မြင်တွေ့လိုက်တော့ ကျွန်တော် အရမ်းကို ဝမ်းသာသွားမိပါတယ်။ ဖေဖေ့နဲ့ မေမေ့ဆီက လက်ဖွဲ့ ရလိမ့်မယ်လို့ မျှော်လင့် မထားခဲ့ပါ။

"ဟယ် ... ကိုကို ...။ ပေး ... ချစ် ဖွင့်ကြည့်မယ်နော်"

ကျွန်တော့် လက်ထဲက မင်္ဂလာလက်ဖွဲ့ကို ဝမ်းသာအားရနဲ့ ယူပြီး ကျွန်တော့်ဇနီးက ဖွင့်ကြည့်ပါတယ်။ လက်ဖွဲ့ အထုပ်လေး ပြည်သွားတော့ အထဲက စက္ကူဘူး တစ်ခု ထွက်လာပါတယ်။

"ဘာလဲ မသိဘူးနော် ကိုကို"

ကျွန်တော့်ဇနီး စိတ်ဝင်စားသလို ကျွန်တော်လည်း စိတ်ဝင်စားနေပါတယ်။ ကျွန်တော်တို့လို့ ပဲ ကျွန်တော့် ယောက္ခမတွေနဲ့ ခယ်မတွေကလည်း စိတ်ဝင်စား နေကြပါတယ်။ ကျွန်တော့်ဇနီးက စက္ကူဘူးလေးကို ဖွင့်ကြည့်လိုက်ပြီး မျက်စိမျက်နှာ ပျက်သွားသလို ကျွန်တော်လည်း အတော် ရှက်သွားခဲ့ ရပါတယ်။ စက္ကူဘူးထဲက ထွက်လာတဲ့ လက်ဖွဲ့က တန်ဖိုးမရှိဘဲ တန်ဖိုးမဲ့လွန်းတဲ့ ရာဘာဖိနပ် အစုတ်တစ်ရံ ဖြစ်နေလို့ ပါပဲ။

"ဟာ ... ဖိနပ်စုတ်ကြီး ... ထွီ ... ။ ကိုကို့ မိဘတွေက လုပ်ရက်လိုက်တာ"

"အေးဟယ် .... ကိုသက်ထွန်း တို့ ကလည်း အဲဒီလိုတော့ မလုပ်သင့်ပါဘူး"

ဇနီးနဲ့ အတူ ယောက္ခမ တွေကလည်း ဝိုင်းပြော နေကြတော့ ကျွန်တော် အလွန်ရှက်မိပါတယ်။ ကျွန်တော့် ဇနီးကလည်း ရှက်လွန်းလို့ ငိုမဲ့မဲ့ ဖြစ်နေပါပြီ။

"ပေးစမ်းကွာ ..."

ကျွန်တော့်ဇနီးရဲ့ လက်ထဲက ဖိနပ်စုတ်ကို ယူပြီး အိမ်ရှေ့က မြောင်းထဲကို လွှင့်ပစ်လိုက်ပါတယ်။ ကျွန်တော် မင်္ဂလာယူနေတဲ့ အချိန်မှာ ကျွန်တော့်ရဲ့ သိက္ခာနဲ့ အရှက်ကိုခွဲခဲ့တဲ့ ကျွန်တော့်ရဲ့ မိဘ၊ ကျွန်တော့်ဘဝရဲ့

ပထမဦးဆုံး အစမှာ ဖိနပ်အစုတ်ကို လက်ဖွဲ့ပြီး ချီးနှိမ်ခဲ့တဲ့ မိဘတွေကို တစ်သက် ကျေနပ်မှာ မဟုတ်ပါ။ အခုလို ဘာကြောင့် လုပ်ရတယ် ဆိုတာ ရှင်းမှ ဖြစ်ပါလိမ့်မယ်။ ဖေဖေ့ကို ကြောက်ရွံ့ရတာ မှန်ပေမဲ့ မိဘတစ်ယောက် အနေနဲ့ အခုလို မလုပ်သင့်တာ ကိုတော့ ပြောကို ပြောရပါတော့မယ်။ ဖေဖေ့အနေနဲ့ မကျေနပ်လို့ ထိုးကြိတ်မယ် ဆိုရင်လည်း ဒီတစ်သက် မိဘတွေနဲ့ ပြတ်ပြီလို့ ဆုံးဖြတ်ပြီး ဖေဖေနဲ့ မေမေ့ကို သွားတွေ့ ရပါတော့မယ်။

"ကိုကို ... စိတ်ထိန်းနော် ..."

"မထိန်းနိုင်ဘူး ချစ်။ ဒါ သက်သက်ဦးချိုး လိုက်တာပဲ"

"သားရဲ့ မိဘတွေကလည်း မလုပ်သင့်တာ လုပ်တယ်။ သမီး ... လွှတ်ပေးလိုက်ပါ။ ပြောသင့်တာကို ပြောရမှာ ပေါ့"

ယောက်ကျ္ခမတွေနဲ့ ဇနီးဘက်က ဆွေမျိုးတွေ ကြားမှာ ကျွန်တော့်မျက်နှာ ထားစရာ မရှိတော့ပါ။ ဖြစ်နိုင်ပါက မျက်နှာကို ဓားနှင့်သာ လှီးဖြတ် လိုက်ချင်မိပါတယ်။

***